မှတ်ပုံတင်အမှတ်-၀၄၉၁၆၉၄မြ

# မြန်မာနိုင်ငံသားများဘဏ်လီမိတက်

## စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများ

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်

ငွေကြေး - မြန်မာကျပ်

ဝင်းသင်နှင့်အဖွဲ့
စာရင်းစစ်များ

မြန်မာနိုင်ငံသားများဘဏ်လီမိတက်

ဘဏ္ဍာရေးရှင်းတမ်းများ

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်

---


| မာတိကာ | စာမျက်နှာ |
| --- | --- |
| ဒါရိုက်တာများ၏ တင်ပြချက် | ၁-၂ |
| ပြင်ပစာရင်းစစ် အစီရင်ခံစာ | ၃-၅ |
| ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း | ၆ |
| ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း | ၇ |
| အစုရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း | ၈ |
| ငွေသားစီးဆင်းမှုရှင်းတမ်း | ၉ |
| ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများ | ၁၀-၄၄ |

+951 255 883, 255 885
info@mcb.com.mm
www.mcb.com.mm

## မြန်မာနိုင်ငံသားများဘဏ်လီမိတက်
## ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ကုန်ဆုံးသော နှစ်အတွက်
## ဒါရိုက်တာများ၏ တင်ပြချက်

ကျွန်ုပ်တို့ဒါရိုက်တာများ၏ ရေးသားတင်ပြချက်များအား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသည့် နှစ်အတွက် စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေးရှင်းတမ်းများ နှင့်အတူ အစုဝင်များသို့တင်ပြပါသည်။

### ဒါရိုက်တာများ၏ ထင်မြင်ယူဆချက်

ဘဏ္ဍာရေးရှင်းတမ်းများကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိဘဏ်၏ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း၊ ၎င်းနေ့ကုန်ဆုံးသောနှစ်နှင့်ဆိုင်သော ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှင်များ၏ပိုင်ဆိုင်မှုများ ပြောင်းလဲမှု ရှင်းတမ်း နှင့်ငွေသားစီးဆင်းမှုရှင်းတမ်းများအား သင့်လျော်မှန်ကန်စွာ ရေးဆွဲထားပါသည်။ ဘဏ်သည်ပေးရန်ရှိသော အကြွေးများကို အချိန်စေ့ရောက်သောအခါ ပေးနိုင်သည်ဟု ယုံကြည်နိုင်လောက်သော အခြေအနေရှိပါသည်။

### ဒါရိုက်တာများ

ဘဏ်၏နာယကမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဖြစ်ပြီး ယခုတင်ပြချိန်၌ရှိသော ဘဏ်၏ဒါရိုက်တာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| အမှတ်စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးတိုးအောင်မြင့် | ဥက္ကဋ္ဌ |
| ၂။ | ဦးစိုးနိုင်(ခ)ဦးကိုကိုကြီး | ဒါရိုက်တာ |
| ၃။ | ဦးလှဦး | ဒါရိုက်တာ |
| ၄။ | ဦးထွန်းလွင် | ဒါရိုက်တာ |
| ၅။ | ဦးအုန်းဆိုင် | ဒါရိုက်တာ |
| ၆။ | ဒေါ်မိုးမိုး | ဒါရိုက်တာ |
| ၇။ | ဒေါ်အေးစန္ဒာလွင် | ဒါရိုက်တာ |
| ၈။ | ဦးအောင်အောင် | ဒါရိုက်တာ |
| ၉။ | ဦးဓေယျာသူရမွန် | ဒါရိုက်တာ |
| ၁၀။ | ဦးအေးခေါ် | လွတ်လပ်သောဒါရိုက်တာ |

### ဒါရိုက်တာများမှ အစုရှယ်ယာများနှင့် ငွေရေးစာချုပ်များအား ဝယ်ယူနိုင်သည့် အစီအစဉ်

ဘဏ္ဍာရေးကာလအတွင်းတွင်ဖြစ်စေ ကာလကုန်သည့်အချိန်တွင်ဖြစ်စေ ဘဏ်၏ဒါရိုက်တာများမှ ဘဏ် (သို့) ဘဏ်၏ မိတ်ဖက်အဖွဲ့အစည်းများ၏ အစုရှယ်ယာများ၊ ငွေရေးစာချုပ်များအား ဝယ်ယူခြင်းဖြင့် အကျိုးဖြစ်ထွန်းစေရန်စီစဉ် ဆောင်ရွက်မှုများတွင် ပါဝင်ပတ်သက်ခြင်း မရှိပါ။

**ရွေးပိုင်ခွင့်ရှိသောအစုရှယ်ယာများ**

ဘဏ်၏မထုတ်ဝေရသေးသော ရှယ်ယာများအား ဘဏ္ဍာရေးနှစ်အတွင်း Subscribe ပြုလုပ်ရန်အတွက် ရွေးပိုင်ခွင့်ပြုထားခြင်းမရှိပါ။

ဘဏ်၏မထုတ်ဝေရသေးသောရှယ်ယာများကို Option နည်းလမ်းများဖြင့် ဝယ်ယူရန်အတွက် ဘဏ္ဍာရေးနှစ်အတွင်း မည်သည့်ရှယ်ယာမှ ထုတ်ဝေထားခြင်းမရှိပါ။

ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန် ဘဏ်မှ Option အနေဖြင့် မထုတ်ဝေရသေးသော အစုရှယ်ယာ မရှိပါ။

**ပြင်ပစာရင်းစစ်**

ဝင်းသင်နှင့် စာရင်းစစ်များအဖွဲ့မှ ပြင်ပစာရင်းစစ်အဖြစ် ထပ်မံလက်ခံရန် ဆန္ဒရှိပါသည်။

ဒါရိုက်တာများကိုယ်စား

ဦးတိုးအောင်မြင့်
(ဥက္ကဋ္ဌ)

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်

တိုးအောင်မြင့်
ဥက္ကဋ္ဌ (ဒါရိုက်တာအဖွဲ့)
မြန်မာနိုင်ငံသားများဘဏ်လီမိတက်

ဝင်းသင်နှင့်အဖွဲ့ စာရင်းစစ်များ
WIN THIN & ASSOCIATES
CERTIFIED PUBLIC ACCOUNTANTS
HEAD OFFICE:- Room (2B/2C) 1st Floor, Rose Condominium, No.182/194, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar. Tel: 95-1-201798, 296164, Fax: 95-1-245671 Email: winthin9@myanmar.com.mm
MANDALAY BRANCH OFFICE:- Room (9/10), East Wing of Bahtoo Stadium, 70th Street (Between 29th & 30th Street), Mandalay Region, Myanmar. Tel: 95-2-4034451, Fax: 95-2-4034498

စာအမှတ် - ၇၆၆ /အမ-၂၄၉/ စက်တင်ဘာလ ၂၀၁၉

## ပြင်ပစာရင်းစစ် အစီရင်ခံစာ

မြန်မာနိုင်ငံသားများဘဏ်လီမိတက် ၏ အစုရှယ်ယာဝင်များသို့

### ဘဏ္ဍာရေးရှင်းတမ်းများအပေါ် အစီရင်ခံခြင်း

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် "မြန်မာနိုင်ငံသားများဘဏ်လီမိတက်" ၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသော စာရင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသောမှတ်စုများ ပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခဲ့ပြီး ဖြစ်ပါသည်။

### ဘဏ္ဍာရေးရှင်းတမ်းများအတွက်စီမံအုပ်ချုပ်သူများ၏တာဝန်

၎င်းဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards – MFRSs) ကိုအခြေခံ၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီဖြစ်ပြီး သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။ ယင်းတာဝန်တွင် မသမာမှု၊ မှားယွင်းမှုတို့ကြောင့် အရေးပါသော လွဲမှားဖော်ပြမှုများမှ ကင်းရှင်းသော ဘဏ္ဍာရေးရှင်းတမ်းများအား သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်နှင့် ဝင်လျဉ်းသော လုပ်ငန်းတွင်းထိန်းချုပ်မှုအစီအစဉ်ကို ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ သင့်လျော်သော စာရင်းဆိုင်ရာမူဝါဒများအား ရွေးချယ်ကျင့်သုံးခြင်းနှင့် အခြေအနေအရ ဆီလျော်သော စာရင်းဆိုင်ရာခန့်မှန်းချက်များကို ပြုလုပ်ခြင်းတို့လည်း ပါဝင်ပါသည်။

### စာရင်းစစ်၏တာဝန်

ကျွန်တော်များအဖွဲ့၏တာဝန်မှာ ကျွန်တော်များ၏ စာရင်းစစ်ဆေးချက်ကို အခြေပြု၍ ယင်းဘဏ္ဍာရေးရှင်းတမ်းများ အပေါ် ထင်မြင်ယူဆချက်ပေးရန်ဖြစ်ပါသည်။ ကျွန်တော်များအဖွဲ့သည် မြန်မာနိုင်ငံစာရင်းစစ်ဆိုင်ရာစံများနှင့်အညီ စစ်ဆေးမှုများကိုဆောင်ရွက်ခဲ့ပါသည်။ ယင်းစံများအရ ကျွန်တော်များအဖွဲ့အနေဖြင့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များအား လိုက်နာရန်နှင့် ဘဏ္ဍာရေးရှင်းတမ်းများသည် အရေးပါသောအချက်များအား မှားယွင်းစွာ ဖော်ပြမှုများမှ ကင်းရှင်းကြောင်း ကျိုးကြောင်းဆီလျော်သေချာမှုရှိစေရန် အစီအစဉ်များရေးဆွဲပြီး စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။ စာရင်းစစ်ဆေးရာ၌ ဘဏ္ဍာရေးရှင်းတမ်းများတွင် ထုတ်ဖော်ပြသချက်များနှင့် ကျသင့်ငွေတန်ဖိုးများအတွက် စာရင်းစစ်အထောက်အထားများရယူရန် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန် ပါဝင်ပါသည်။ ရွေးချယ်ထားသော လုပ်ထုံးလုပ်နည်းများသည် မသမာမှု၊ မှားယွင်းမှုတို့ကြောင့် ဘဏ္ဍာရေးရှင်းတမ်းများ၏ အရေးပါသောမှားယွင်းချက်၏ အန္တရာယ်များကိုအကဲဖြတ်ခြင်းများအပါအဝင် စာရင်းစစ်၏ ပိုင်းခြားချင့်ချိန် သုံးသပ်ခြင်းအပေါ်တွင် မူတည်ပါသည်။

ထိုအန္တရာယ်များအား အကဲဖြတ်မှုများ ပြုလုပ်ရာတွင် စာရင်းစစ်သည် အခြေအနေနှင့်ဆီလျော်သော စာရင်းစစ်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန် အဖွဲ့အစည်း၏ ဘဏ္ဍာရေးရှင်းတမ်းများ ရေးဆွဲမှုနှင့်သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်အလို့ငှာ သက်ဆိုင်သောဌာနတွင်းကြီးကြပ်ကွပ်ကဲမှုကို ထည့်သွင်းစဉ်းစားသော်လည်း ၎င်းအဖွဲ့၏ ဌာနတွင်းကြီးကြပ်ကွပ်ကဲမှု၏ ထိရောက်မှုအပေါ်တွင် ထင်မြင်ယူဆချက်ပေးရန် မရည်ရွယ်ပါ။ စာရင်းစစ်ဆေးရာတွင် စီမံခန့်ခွဲသူများက အသုံးပြုခဲ့သော စာရင်းကိုင်မှုများ၏ ဆီလျော်မှုနှင့် ပြုလုပ်ခဲ့သော စာရင်းခန့်မှန်းခြေများ၏ ကျိုးကြောင်းဆီလျော်မှုကို သုံးသပ်ခြင်းနှင့် ဘဏ္ဍာရေးရှင်းတမ်းများ၏ တင်ပြချက်အားလုံးအပေါ် ခြုံငုံသုံးသပ်ခြင်းတို့လည်း ပါဝင်ပါသည်။

ကျွန်တော်များရရှိခဲ့သော စာရင်းစစ်အထောက်အထားများသည် ကျွန်တော်များ၏ ခြွင်းချက်ပါသော စာရင်းစစ်ထင်မြင်ယူဆချက်ပေးရန် အတွက် လုံလောက်သင့်လျော်သော အခြေခံအကြောင်းအရင်းဖြစ်ကြောင်း ယုံကြည်ပါသည်။

## ခြွင်းချက်ပါသော ထင်မြင်ယူဆချက်ပေးရန် အခြေခံ

ကျွန်တော်များအဖွဲ့မှ စာရင်းစစ်ဆေးနေစဉ်အတွင်း အဓိကအားဖြင့် Core Banking System ကြောင့်ဖြစ်ပေါ်ပြီး မှန်ကန်မှုကိုစိစစ်၍ မရနိုင်သော ခြွင်းချက်များအား အောက်ဖော်ပြပါအတိုင်း တွေ့ရှိရပါသည်။

၁) အခြားရပိုင်ခွင့်များ (ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများ - မှတ်စု ၉) တွင်ပါဝင်နေသည့် ငွေကျပ် ၈၇၈,၁၂၄,၈၀၇ ရှိသော အခြားယာယီစာရင်း - Suspense others

၂) ပြီးရှင်စာရင်းဖြစ်ပေါ်နေသော ချေးငွေလက်ကျန် ကျပ် ၁၂၀,၈၂၇,၆၉၆၊ ပြီးရှင်စာရင်းဖြစ်ပေါ်နေသည့် ချေးငွေအပေါ်အတိုးရရန်ရှိ ကျပ် ၃၈,၆၆၅,၆၆၀ နှင့် ပြီးစားစာရင်းဖြစ်ပေါ်နေသည့် Interest in Suspense ကျပ် ၄၃၉,၆၉၆,၇၉၅

အထက်ဖော်ပြပါခြွင်းချက်များကြောင့် ပေါ်ပေါက်လာနိုင်သော စာရင်းညှိနှိုင်းချက်များသည် ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းများ၏ မည်သည့်အစိတ်အပိုင်းကို ထိခိုက်နိုင်မည်ကို ကျွန်တော်များ သတ်မှတ်နိုင်ခြင်းမရှိပါ။

## ခြွင်းချက်ပါသော ထင်မြင်ယူဆချက်

အထက်ဖော်ပြပါ ခြွင်းချက်ပါသော ထင်မြင်ယူဆချက်ပေးရန်အခြေခံစာပိုဒ်ပါ ကိစ္စရပ်များမှ ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများမှလွဲ၍ ဘဏ္ဍာရေးရှင်းတမ်းများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards - MFRSs) ကိုအခြေခံ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေနှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုရလဒ်များနှင့် ငွေသားစီးဆင်းမှုနှင့် စပ်လျဉ်းသည့်အရေးပါသော အချက်များအားလုံးကို သင့်လျော်မှန်ကန်စွာ ဖော်ပြထားကြောင်း ကျွန်တော်များထင်မြင်ယူဆပါသည်။

**အခြားဥပဒေနှင့်စည်းကမ်းချက်ဆိုင်ရာလိုအပ်ချက်များအပေါ် အစီရင်ခံခြင်း**

ကျွန်တော်များအဖွဲ့မှ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ခြွင်းချက်ပါသော ထင်မြင်ယူဆချက်ပေးရန်အခြေခံစာပိုဒ်ပါ ကိစ္စရပ်များမှလွဲ၍

(၁) လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းချက်များအားလုံးကို ရရှိပြီးဖြစ်ကြောင်း၊

(၂) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ-၂၅၈နှင့် အညီ ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများကို ထိန်းသိမ်းထားရှိကြောင်း အစီရင်ခံအပ်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံ ငွေရေးကြေးရေး ဥပဒေပုဒ်မ-၈၉ အရ စီမံခန့်ခွဲသူများသို့ ပေးပို့သော အစီရင်ခံစာပါ ကိစ္စရပ်နှင့် ခြွင်းချက်ပါသော ထင်မြင်ယူဆချက်ပေးရန်အခြေခံစာပိုဒ်ပါ ကိစ္စရပ်များမှလွဲ၍ ဘဏ္ဍာရေးရှင်းတမ်းများသည် ပြည့်စုံလုံလောက်စွာနှင့် သင့်တင့်လျောက်ပတ်စွာ ရေးဆွဲထားပြီး ဘဏ်၏အရာထမ်း အမှုထမ်းများထံမှ ရရှိသော သတင်းအချက်အလက်များသည်လည်း ကျေနပ်ဖွယ်ရာဖြစ်သည်ဟု ကျွန်တော်များ ထင်မြင်ယူဆပါသည်။

မိုးကျော် (ပီအေ - ၃၁၃)
မန်နေဂျင်းပါတနာ
ဝင်းသင့်နှင့်အဖွဲ့ စာရင်းစစ်များ။

ရန်ကုန်၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်
၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ
ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

| | မှတ်စု | ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် မြန်မာကျပ် | ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် မြန်မာကျပ် |
|---|---|---|---|
| **ရရန်ပိုင်ခွင့်များ** | | | |
| ငွေနှင့်ဘဏ်လက်ကျန် | ၆ | ၇၈,၀၄၉,၅၀၇,၆၅၂ | ၆၁,၄၇၄,၉၅၂,၉၄၄ |
| ချေးငွေလက်ကျန် | ၇ | ၃၀၅,၂၉၈,၄၀၃,၇၅၅ | ၂၃၀,၄၉၆,၃၆၇,၇၇၂ |
| ရင်းနှီးမြှုပ်နှံမှုများ | ၈ | ၁၀၃,၇၅၅,၉၅၁,၃၀၀ | ၅၉,၈၇၁,၁၅၃,၀၄၈ |
| အခြားရပိုင်ခွင့်များ | ၉ | ၉,၁၂၀,၄၇၀,၁၉၇ | ၇,၀၄၀,၃၃၆,၆၁၄ |
| ပုံသေပိုင်ပစ္စည်း | ၁၀ | ၁၅,၅၆၉,၄၇၈,၆၉၉ | ၁၃,၇၅၀,၃၁၆,၇၃၂ |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်း | ၁၁ | ၃,၄၈၃,၁၄၅,၁၅၂ | ၃,၅၅၅,၉၈၈,၇၀၆ |
| စုစုပေါင်းရရန်ပိုင်ခွင့်များ | | ၅၂၅,၃၁၇,၉၅၇,၇၅၅ | ၃၇၆,၁၈၉,၁၁၅,၈၁၅ |
| **ပေးရန်တာဝန်များ** | | | |
| အပ်ငွေများ | ၁၂ | ၄၃၄,၀၄၅,၃၃၃,၄၁၂ | ၂၈၃,၂၁၂,၁၀၂,၇၀၄ |
| အခြားပေးရန်တာဝန်များ | ၁၃ | ၁၅,၄၅၂,၃၆၀,၉၂၅ | ၁၂,၅၅၅,၇၉၆,၁၄၄ |
| ချေးယူငွေများ | ၁၄ | ၁,၀၀၀,၀၀၀,၀၀၀ | ၉,၀၀၀,၀၀၀,၀၀၀ |
| စုစုပေါင်းပေးရန်တာဝန်များ | | ၄၅၀,၄၉၇,၆၉၄,၃၃၇ | ၃၀၄,၇၆၇,၈၉၈,၈၄၈ |
| **အစုရှင်များ၏ပိုင်ဆိုင်ခွင့်** | | | |
| ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | ၁၅ | ၅၇,၁၂၄,၆၆၂,၀၀၀ | ၅၇,၁၂၄,၆၆၂,၀၀၀ |
| ရန်ပုံငွေများ | ၁၆ | ၁၃,၀၀၅,၄၁၀,၅၇၉ | ၁၂,၁၆၀,၅၁၅,၃၀၇ |
| အမြတ်လက်ကျန် | | ၄,၆၈၀,၁၉၀,၀၃၉ | ၂,၁၃၆,၀၃၈,၈၄၀ |
| စုစုပေါင်းအစုရှင်များ၏ ပိုင်ဆိုင်ခွင့် | | ၇၄,၈၂၀,၂၆၃,၄၁၈ | ၇၁,၄၂၁,၂၁၆,၉၆၇ |
| စုစုပေါင်း အစုရှင်များ၏ပိုင်ဆိုင်ခွင့်နှင့်ပေးရန်တာဝန်များ | | ၅၂၅,၃၁၇,၉၅၇,၇၅၅ | ၃၇၆,၁၈၉,၁၁၅,၈၁၅ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ*

ဒါရိုက်တာများမှ အတည်ပြုချက်

ထိုက်အောင်မြင့်
ဥက္ကဋ္ဌ (ဒါရိုက်တာအဖွဲ့)
မြန်မာနိုင်ငံသားများဘဏ်လီမိတက်

Lalith Meegoda
Chief Financial Officer
Myanmar Citizens Bank Public Co., Ltd

## မြန်မာနိုင်ငံသားများဘဏ်လီမိတက်
### ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ကုန်ဆုံးသောနှစ်အတွက်
### ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း

| | မှတ်စု | ၁-၁၀-၂၀၁၈ မှ<br>၃၀-၉-၂၀၁၉<br>မြန်မာကျပ် | ၁-၄-၂၀၁၈ မှ<br>၃၀-၉-၂၀၁၈<br>မြန်မာကျပ် |
|---|---|---|---|
| အတိုးဝင်ငွေ | ၁၇ | ၄၁,၁၉၃,၈၃၄,၈၅၇ | ၁၅,၈၂၃,၁၇၀,၁၄၂ |
| အတိုးစရိတ် | ၁၈ | (၂၇,၄၈၂,၃၆၄,၁၅၆) | (၉,၂၅၀,၆၀၀,၇၂၉) |
| **အသားတင် အတိုးဝင်ငွေ** | | ၁၃,၇၁၁,၄၇၀,၇၀၁ | ၆,၅၇၂,၅၆၉,၄၁၃ |
| အသားတင် ကော်မရှင်ဝင်ငွေနှင့်အခကြေးငွေ | ၁၉ | ၅,၄၃၆,၃၈၀,၂၈၀ | ၃,၃၄၃,၈၄၁,၄၇၄ |
| သီးသန့်ကြေးဆုံးလျာထားချက်တိုးလာမှု | | (၁၈၀,၇၈၉,၃၄၃) | (၁၉၅,၆၂၉,၈၂၅) |
| ချေးငွေဆုံးရှုံးမှုအထွေထွေလျာထားငွေ | | (၁,၆၉၉,၆၇၆,၅၀၆) | - |
| အခြားဝင်ငွေ | ၂၀ | ၃၆၆,၅၆၄,၃၆၈ | ၄၃၃,၅၄၅,၁၁၅ |
| **စုစုပေါင်းဝင်ငွေ** | | ၁၇,၆၃၃,၉၄၉,၅၀၀ | ၁၀,၁၅၄,၃၂၆,၁၇၇ |
| ဝန်ထမ်းရေးရာစရိတ် | ၂၁ | (၇,၁၇၆,၀၄၁,၂၈၇) | (၃,၅၃၂,၂၈၂,၄၈၇) |
| စီမံခန့်ခွဲမှုနှင့် အထွေထွေစရိတ် | ၂၂ | (၄,၅၉၉,၃၈၆,၅၄၈) | (၁,၀၆၁,၉၇၆,၉၈၃) |
| တန်ဖိုးလျော့ | ၁၀,၁၁ | (၁,၅၉၃,၅၁၇,၂၄၉) | (၅၂၈,၈၃၁,၃၀၃) |
| **အခွန်မလျာထားမီအသားတင်အမြတ်** | | ၄,၃၀၃,၉၉၄,၄၁၇ | ၄,၉၆၁,၂၃၅,၄၀၄ |
| ဝင်ငွေခွန်စရိတ် | ၂၃ | (၈၈၄,၄၁၄,၃၂၈) | (၁,၁၅၆,၁၈၇,၁၇၂) |
| **အခွန်လျာထားပြီးအသားတင်အမြတ်** | | ၃,၄၁၉,၅၈၀,၀၈၉ | ၃,၈၀၅,၀၄၈,၂၃၂ |
| နှစ်အတွင်းအခြားသောဝင်ငွေအလုံးစုံ | | - | - |
| **နှစ်အတွင်းစုစုပေါင်းဝင်ငွေအလုံးစုံ** | | ၃,၄၁၉,၅၈၀,၀၈၉ | ၃,၈၀၅,၀၄၈,၂၃၂ |
| အစုရှယ်ယာတစ်စု၏အခြေခံဝင်ငွေ | ၂၄ | ၃၂၉ | ၃၆၆ |
| လျော့နည်းဖွယ်ရှိသော အစုရှယ်ယာတစ်စု၏ဝင်ငွေ | ၂၄ | ၃၂၉ | ၃၆၆ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ*

မြန်မာနိုင်ငံသားများဘဏ်လီမိတက်
၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ကုန်ဆုံးသောနှစ်အတွက်
အစုရှင်များ၏ပိုင်ဆိုင်မှုများပြောင်းလဲမှုရှင်းတမ်း

| | ရင်းနှီးငွေ<br>မြန်မာကျပ် | ရန်ပုံငွေ<br>မြန်မာကျပ် | အမြတ်လက်ကျန်<br>မြန်မာကျပ် | စုစုပေါင်း<br>မြန်မာကျပ် |
|---|---|---|---|---|
| **၂၀၁၉ ခုနှစ် စက်တင်ဘာလ (၃၀) ရက်နေ့ကုန်ဆုံးသောနှစ်အတွက်** | | | | |
| စာရင်းဖွင့်လက်ကျန် (၁-၁၀-၂၀၁၈) | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၂,၁၆၀,၅၁၅,၃၀၇ | ၂,၁၃၆,၀၃၈,၈၄၀ | ၇၁,၄၂၁,၂၁၆,၉၄၇ |
| ယခင်နှစ်စာရင်းညှိနှိုင်းချက် | - | - | (၂၀,၅၃၄,၆၁၈) | (၂၀,၅၃၄,၆၁၈) |
| **စာရင်းဖွင့်လက်ကျန်ပြန်လည်ဖော်ပြမှု** | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၂,၁၆၀,၅၁၅,၃၀၇ | ၂,၁၁၅,၅၀၄,၂၂၂ | ၇၁,၄၀၀,၆၈၂,၃၂၉ |
| ရန်ပုံငွေသို့ စာရင်းပြောင်းရွှေ့မှု | - | ၈၅၄,၈၉၅,၂၇၂ | (၈၅၄,၈၉၅,၂၇၂) | - |
| အမြတ်ဝေစု | - | - | - | - |
| နှစ်အတွင်းအမြတ် * | - | - | ၃,၄၁၉,၅၈၀,၀၈၉ | ၃,၄၁၉,၅၈၀,၀၈၉ |
| **စာရင်းပိတ်လက်ကျန် (၃၀-၉-၂၀၁၉)** | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၃,၀၁၅,၄၁၀,၅၇၉ | ၄,၆၈၀,၁၈၉,၀၃၉ | ၇၄,၈၂၀,၂၆၂,၄၁၈ |
| **၂၀၁၈ ခုနှစ် စက်တင်ဘာလ (၃၀) ရက်နေ့ကုန်ဆုံးသော ၆ လတာ ကာလအတွက်** | | | | |
| စာရင်းဖွင့်လက်ကျန် (၁-၄-၂၀၁၈) | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၀,၃၆၀,၄၆၄,၃၂၂ | ၂,၂၁၀,၂၁၈,၇၉၃ | ၆၉,၆၉၅,၃၄၅,၉၁၅ |
| ရန်ပုံငွေသို့ စာရင်းပြောင်းရွှေ့မှု | - | ၁,၈၀၀,၀၅၀,၉၈၅ | (၁,၈၀၀,၀၅၀,၉၈၅) | - |
| အမြတ်ဝေစု | - | - | (၂,၀၈၀,၁၉၇,၂၁၀) | (၂,၀၈၀,၁၉၇,၂၁၀) |
| (၆) လတာကာလအမြတ် | - | - | ၃,၈၀၆,၀၆၈,၂၄၂ | ၃,၈၀၆,၀၆၈,၂၄၂ |
| **စာရင်းပိတ်လက်ကျန် (၃၀-၉-၂၀၁၈)** | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၂,၁၆၀,၅၁၅,၃၀၇ | ၂,၁၃၆,၀၃၈,၈၄၀ | ၇၁,၄၂၁,၂၁၆,၉၄၇ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ*

## မြန်မာနိုင်ငံသားများဘဏ်လီမိတက်
## ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ကုန်ဆုံးသောနှစ်အတွက်
## ငွေသားစီးဆင်းမှုရှင်းတမ်း

| | မှတ်စု | ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက် (မြန်မာကျပ်) | ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက် (မြန်မာကျပ်) |
|---|---|---|---|
| လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ | | | |
| အခွန်မပေးဆောင်မီအသားတင်အမြတ် | | ၄,၁၀၃,၉၈၅,၄၁၇ | ၄,၉၆၀,၂၃၅,၄၀၄ |
| *စာရင်းညှိနှိုင်းချက်များ* | | | |
| တန်ဖိုးလျော့ | | ၁,၅၉၃,၅၃၇,၂၅၉ | ၅၉၈,၈၃၀,၃၀၃ |
| ပုံသေပိုင်ပစ္စည်းထုခွဲရောင်းချခြင်းမှ အရှုံး | | ၆၉၆,၅၈၀ | - |
| ပုံသေပိုင်ပစ္စည်း စာရင်းပယ်ချက်မှု | | ၂၆၂ | ၁၉၅,၃၀၀ |
| ထိတွေ့ကိုင်တွယ်၍ မရသောပစ္စည်း စာရင်းပယ်ချက်မှု | | ၇၉,၆၂၆,၆၉၃ | - |
| ယခင်နှစ်စာရင်းညှိနှိုင်းမှုများ | | (၂၀,၅၃၄,၆၁၈) | - |
| လက်ဝင်ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များ ပြောင်းလဲမှုမတိုင်ခင် လုပ်ငန်းအမြတ် | | ၅,၈၅၇,၃၁၀,၅၈၃ | ၅,၅၆၀,၂၆၂,၀၀၇ |
| လက်ဝင်ရပိုင်ခွင့်နှင့်ပေးရန်တာဝန် အတိုး / အလျော့ | | | |
| ချေးငွေလက်ကျန် | | (၈၄,၈၀၂,၀၃၅,၉၈၃) | (၄၂,၂၄၃,၈၀၉,၅၈၄) |
| အခြားရပိုင်ခွင့်များ | | (၆၅၄,၅၀၀,၇၇၂) | (၁,၁၃၃,၆၀၇,၁၇၀) |
| အပ်ငွေစာရင်း | | ၁၅၀,၈၂၃,၂၃၀,၆၉၈ | ၅၄,၆၄၆,၆၀၇,၀၃၉ |
| အခြားပေးရန်တာဝန်များ | | ၂,၀၂၂,၁၆၀,၄၃၃ | (၄၉၇,၁၈၀,၆၉၃) |
| လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှု | | ၇၃,၃၄၆,၁၆၄,၉၆၉ | ၁၆,၃၃၂,၂၆၀,၅၅၈ |
| ဝင်ငွေခွန်ပေးဆောင်မှု | | (၁,၄၂၆,၆၃၂,၈၀၀) | (၇၂၀,၄၀၀,၀၀၀) |
| လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဝင်မှု/(အသုံးပြုမှု) | | ၇၁,၉၁၉,၅၃၂,၁၆၉ | ၁၅,၆၁၁,၈၆၀,၅၅၈ |
| ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှုများ | | | |
| ငွေတိုက်စာချုပ် နှင့်အခြားရင်းနှီးမြှုပ်နှံမှုများ (ဝယ်ယူမှု)/ ရောင်းချမှု | | (၄၃,၉၂၄,၇၉၈,၂၅၂) | (၂,၃၆၀,၂၇၃,၆၃၆) |
| ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှဝင်ငွေ | | ၁,၈၀၀,၀၀၀ | - |
| ပုံသေပိုင်ပစ္စည်းဝယ်ယူမှု | | (၂,၉၈၀,၂၄၄,၆၁၅) | (၁,၂၆၆,၆၄၂,၄၃၀) |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းအတွက် ကုန်ကျငွေ | | (၄၁၉,၅၃၀,၅၈၂) | (၃,၅၁၃,၇၁၅,၄၄၁) |
| ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ အသားတင်ငွေသားစီးဝင်မှု/(အသုံးပြုမှု) | | (၄၇,၃၄၄,၉၇၇,၄၄၉) | (၇,၁၅၀,၆၅၁,၅၈၇) |
| ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ | | | |
| ချေးငွေရယူခြင်း | | ၁,၀၀၀,၀၀၀,၀၀၀ | ၉,၀၀၀,၀၀၀,၀၀၀ |
| ချေးငွေပြန်လည်ပေးဆပ်ခြင်း | | (၉,၀၀၀,၀၀၀,၀၀၀) | - |
| အမြတ်ဝေစုထုတ်ပေးငွေ | | - | (၂,၀၇၀,၅၀၉,၁၀၀) |
| ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဝင်မှု/ (အသုံးပြုမှု) | | (၈,၀၀၀,၀၀၀,၀၀၀) | ၆,၉၂၉,၄၉၀,၉၀၀ |
| ငွေသားအသားတင် အတိုး /(အလျော့) | | ၁၇,၅၇၄,၅၅၄,၇၀၉ | ၁၅,၃၉၀,၆၉၉,၈၇၁ |
| စာရင်းဖွင့် ငွေနှင့်ဘဏ်လက်ကျန် | ၆ | ၆၀,၄၇၄,၉၅၂,၉၄၃ | ၄၅,၀၈၄,၂၅၃,၀၇၂ |
| စာရင်းပိတ် ငွေနှင့်ဘဏ်လက်ကျန် | ၆ | ၇၈,၀၄၉,၅၀၇,၆၅၂ | ၆၀,၄၇၄,၉၅၂,၉၄၃ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများကိုကြည့်ပါ။*

## ၁။ အထွေထွေ

မြန်မာနိုင်ငံသားများဘဏ်လီမိတက် (ဘဏ်) သည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းဖြစ်ပြီး ဘဏ်၏လိပ်စာသည် အမှတ်- (၂၅၆/၂၆၀)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တည်ရှိပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်ကို အများနှင့်သက်ဆိုင်သောဘဏ်အဖြစ် ၁၉၉၁ ခုနှစ်၊အောက်တိုဘာလ(၃၀)ရက်နေ့တွင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ လုပ်ငန်းမှတ်ပုံတင်အမှတ်-၂၇၄/၁၉၉၁-၁၉၉၂ ဖြင့်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ဘဏ်သည် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်အရ မှတ်ပုံတင်အမှတ်-၁၄၉၁၆၉၄၆၆ ဖြင့်ပြန်လည်မှတ်ပုံတင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံငွေရေးကြေးရေးဥပဒေ ပုဒ်မ-၁၇၆ အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အသစ် မဗဘ/ပဘ(ဒ)-၀၁/၀၈/(၇)၂၀၁၆ ကို ဘဏ်လုပ်ငန်းများလုပ်ကိုင်ရန်အတွက် ထုတ်ပေးခဲ့ပါသည်။ ဘဏ်၏အဓိကစီးပွားရေး လုပ်ဆောင်ချက်များမှာ အပ်ငွေလက်ခံခြင်း၊ ချေးငွေထုတ်ချေးခြင်း၊ ကုန်သွယ်ရေးဝန်ဆောင်မှုပေးခြင်းနှင့် မြန်မာနိုင်ငံငွေရေးကြေးရေး အက်ဥပဒေအခန်း-(၉)အရ ဗဟိုဘဏ်မှ ခွင့်ပြုသည့် လုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ ပါဝင်ပါသည်။

ဘဏ္ဍာရေးရှင်းတမ်းများကို ဘဏ်၏အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့မှ ၂၀၁၉ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ထုတ်ပြန်ရန် အတည်ပြုခဲ့ပါသည်။

## ၂။ စာရင်းရေးဆွဲခြင်းဆိုင်ရာ အခြေခံမှု

ဘဏ်၏ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံ ဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards – MFRSs) ကိုအခြေခံ၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီရေးဆွဲပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများကို ပြီးခဲ့သည့်ဖြစ်ရပ်များအပေါ် အခြေခံ၍ ရေးဆွဲပါသည်။

ယခုနှစ်ကျင့်သုံးနေသော စာရင်းဆိုင်ရာမူဝါဒများသည် ယခင်နှစ်တွင်ကျင့်သုံးခဲ့သော မူဝါဒများအတိုင်းဖြစ်ပြီး ပြောင်းလဲမှုများမရှိပါ။

## ၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ်

### ၃-၁။ လုပ်ငန်းဆောင်ရွက်သည့်ငွေကြေးနှင့် အစီရင်ခံစာတွင်ဖော်ပြသည့်ငွေကြေး

ဘဏ်၏ ဘဏ္ဍာရေးရှင်းတမ်းများကို လုပ်ငန်းဆောင်ရွက်သည့်ငွေကြေးဖြစ်သော မြန်မာကျပ်ဖြင့် တင်ပြထားပါသည်။

### ၃-၂။ နိုင်ငံခြားငွေကြေးပြောင်းလဲမှုများ (Foreign currency transactions)

ဘဏ်၏ လုပ်ငန်းဆောင်ရွက်သောငွေကြေးမဟုတ်သည့် နိုင်ငံခြားငွေကြေးများကို လုပ်ဆောင်ချက်ဖြစ်သည့်နေ့ရှိ ငွေလဲလှယ်နှုန်းများကို အသုံးပြု၍လုပ်ငန်းဆောင်ရွက်သည့် ငွေကြေးသို့ ရေးသွင်းပါသည်။ အစီရင်ခံသည့်နေ့တွင် နိုင်ငံခြားငွေကြေးများဖြင့် ဖော်ပြထားသော ငွေကြေးဆိုင်ရာပစ္စည်းများကို ထိုနေ့ရှိငွေလဲလှယ်နှုန်းနှင့် ပြောင်းလဲတန်ဖိုးသင့်ပါသည်။ နိုင်ငံခြားငွေကြေးဖြင့် ဖော်ပြထားသော ငွေကြေးမဟုတ်သည့် ပစ္စည်းများကို သင့်တင့်သောတန်ဖိုး Fair value သတ်မှတ်သောနေ့ရှိ ငွေလဲလှယ်နှုန်းအတိုင်း တန်ဖိုးသင့်ပါသည်။ ပြီးခဲ့သည့်

## ၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

### ၃-၂။ နိုင်ငံခြားငွေကြေးပြောင်းလဲမှုများ (Foreign currency transactions) (အဆက်)

ဖြစ်ရပ်ပေါ်အခြေခံ၍ တွက်ချက်ထားသော နိုင်ငံခြားငွေကြေးနှင့် စာရင်းသွင်းထားသော ငွေကြေးမဟုတ်သော ပစ္စည်းများကို တန်ဖိုးပြောင်းလဲခြင်းမပြုပါ။ ငွေကြေးဆိုင်ရာ ပစ္စည်းများအပေါ် ပေးချေမှုနှင့် ငွေကြေးဆိုင်ရာ

ပစ္စည်းများ တန်ဖိုးသင့်ခြင်းမှ ဖြစ်ပေါ်လာသော ငွေကြေးခြားနားချက်ကို ထိုကာလအတွက် အရှုံးအမြတ်စာရင်းတွင်ရေးသွင်းပါသည်။

ဘဏ်မှအသုံးပြုသော နှစ်ကုန်ဆုံးချိန်ရှိ ငွေလဲနှုန်းများမှာ (မြန်မာကျပ်ဖြင့်) –

| | USD | EUR | SGD | CYN |
|---|---|---|---|---|
| ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် | ၁,၅၃၀.၆၀ | ၁,၆၇၂.၉၀ | ၁,၁၀၈.၂၀ | ၂၁၅.၅၀ |
| ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် | ၁,၅၆၀.၀၀ | ၁,၈၁၆.၃၀ | ၁,၁၄၀.၅၀ | - |

### ၃-၃။ အတိုးရငွေနှင့် အတိုးစရိတ် (Interest income and expense)

လျော့ကျတန်ဖိုးဖြင့် တိုင်းတာထားသော ငွေရေးကြေးရေးစာချုပ်စာတမ်းများအားလုံးနှင့် Held-for-trading (သို့) Available-for-sale အဖြစ်သတ်မှတ်ထားသော ဘဏ္ဍာရေးဆိုင်ရာ ပိုင်ဆိုင်ပစ္စည်းများအတွက် "အတိုးရငွေ" နှင့် "အတိုးကုန်ကျစရိတ်" ဟူသောခေါင်းစဉ်အောက်၌ အရှုံးအမြတ်စာရင်းတွင် effective interest method ဖြင့်စာရင်းရေးသွင်းပါသည်။

Effective interest method ဆိုသည်မှာ သက်ဆိုင်ရာကာလအပေါ် ခွဲဝေထားသည့် ကုန်ကျစရိတ်ထက်များနေသော အတိုးရငွေများ၏ ဘဏ္ဍာရေးရပိုင်ခွင့်နှင့် ပေးရန်တာဝန်များ၏ လျော့ကျတန်ဖိုးများကို တွက်ချက်သောနည်းလမ်း တစ်ခုဖြစ်သည်။ Effective interest rate ဆိုသည်မှာ ငွေရေးကြေးရေးစာချုပ်စာတမ်း၏ ခန့်မှန်းသက်တမ်း(သို့) ပိုနည်းသောကာလအပေါ် ခန့်မှန်းအနာဂတ်ငွေပေးချေခြင်း(သို့) ငွေလက်ခံခြင်းများကို ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်နှင့် ပေးရန်တာဝန်များ၏ အသားတင်သယ်ဆောင်တန်ဖိုးသို့ အတိအကျလျှော့ချသည့် နှုန်းထားဖြစ်သည်။ တွက်ချက်မှုများကို ငွေရေးကြေးရေးစာချုပ်စာတမ်းများ၏ စာချုပ်စာတမ်းပါ အချက်အလက်များအားလုံးအတိုင်း စာရင်းသွင်းပါသည်။ သို့သော် အနာဂတ်ငွေကြေးဆုံးရှုံးမှုများကို ထည့်သွင်းစဉ်းစားခြင်းမရှိပါ။ Effective interest နှင့် သက်ဆိုင်နေသော သီးသာထင်ရှားသည့် ဝန်ဆောင်ခကြေး၊ လုပ်ဆောင်မှုစရိတ်များနှင့်အတူ ပရီမီယံကြေးများ၊ လျှော့ဈေးများကိုလည်း ထည့်သွင်းစဉ်းစားပါသည်။

တန်ဖိုးလျော့အရှုံးများ အနေဖြင့် ပယ်ဖျက်ခဲ့သည့် တန်ဖိုးလျော့ကျပြီးသော ဘဏ္ဍာရေးဆိုင်ရာ ရပိုင်ခွင့်များ၏ တန်ဖိုးများအတွက် အတိုးရငွေများသည် တန်ဖိုးလျော့အရှုံးများ တိုင်းတာခြင်းရည်ရွယ်ချက် အနေဖြင့် အနာဂတ်ငွေသားစီးဆင်းမှုကို လျှော့ချရန်အသုံးပြုခဲ့သော အတိုးနှုန်းကို ဆက်လက်အသိအမှတ်ပြု သုံးစွဲပါသည်။

### ၃-၄။ ဝန်ဆောင်ခများနှင့် ကော်မရှင်ရငွေများ

ဝန်ဆောင်ခများနှင့် ကော်မရှင်ရငွေများကို ယေဘုယျအားဖြင့် ဝန်ဆောင်မှု ရရှိသည့်အချိန်၌ စာရင်းရေးသွင်းပါသည်။

## ၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

### ၃-၅။ အမြတ်ဝေစုရငွေ (Dividend Income)

အမြတ်ဝေစုရငွေကို ပေးချေမှုများ ရပိုင်ခွင့်ရှိသည်ဟု အကျိုးအကြောင်းခိုင်မာသောအခါ စာရင်းသွင်းပါသည်။

### ၃-၆။ အခြားရငွေ (Other Income)

အခြားရငွေတွင် နိုင်ငံခြားငွေလဲလှယ်မှုများမှရရှိလာသော အရှုံးအမြတ်များ။ များပါဝင်ပါသည်။

### ၃-၇။ ဝန်ထမ်းအကျိုးခံစားခွင့်များ (Employee Compensation)

<u>အပိုဆုကြေးစနစ် (Bonus Plan)</u>

ဘဏ်သည် ဘဏ်၏အစုရှယ်ယာဝင်များသို့ ခွဲဝေပေးသော အမြတ်များနှင့် အချို့စာရင်းညှိနှိုင်းချက်များ လုပ်ဆောင်ပြီးနောက် ဘဏ်၏စီမံအုပ်ချုပ်သူများမှ အပိုဆုကြေးအတွက် ပေးရန်တာဝန်နှင့် အသုံးစရိတ်အဖြစ် စာရင်းသွင်းပါသည်။ ဘဏ်သည် စာချုပ်စာတမ်းအရ ပေးရန်တာဝန်ရှိသောအခါ (သို့) ယခင်အလေ့အထများကြောင့် သဘောတရားအရ ပေးရန်တာဝန်ရှိသောအခါ လျာထားချက်များ ပြုလုပ်ပါသည်။

### ၃-၈။ ဝင်ငွေခွန်

Current tax assets နှင့် liabilities များအား tax authorities များထံမှ ပြန်လည်ရရှိမည် (သို့) ၎င်းတို့ထံသို့ ပေးရမည်ဟုယူဆသော ပမာဏအပေါ်တွင် တွက်ချက်ပါသည်။ ဝင်ငွေခွန်စရိတ်သည် ယခုနှစ်၏ အခွန်စည်းကြပ်ထိုက်သော ဝင်ငွေအပေါ်တွင် ဘဏ္ဍာရေးအစီရင်ခံသောနေ့ရှိ သတ်မှတ်ထားသော အခွန်နှုန်းဖြင့် ပေးရန် ဖော်ပြထားပါသည်။

Tax base အရ တွက်ချက်၍ရရှိသော ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များသည် ဘဏ္ဍာရေးရှင်းတမ်းပါ၎င်းတို့၏ carrying amount နှင့် ယာယီအားဖြင့် ကွာခြားမှုများရှိလာသောအခါ Deferred Income Tax အဖြစ် စာရင်းရေးသွင်းပါသည်။

ဘဏ္ဍာရေးကာလ ကုန်ဆုံးသောနေ့ရက်(သို့) ၎င်းနေ့နောက်ပိုင်း တည်ဆဲအခွန်ဥပဒေများ၊ အခွန်နှုန်းများကို အခြေခံ၍ Deferred Tax Asset များဖြစ်လာမည့်အချိန်(သို့) Deferred Tax Liability များ ရှင်းလင်းချိန်တွင် ကျင့်သုံးမည့် ခန့်မှန်းတွက်ချက်၍ ရရှိသောအခွန်နှုန်းဖြင့် တွက်ချက်ပါသည်။

Equity သို့တိုက်ရိုက်ရေးသွင်းသော Transaction များအတွက် ဖြစ်ပေါ်လာသော Tax များမှလွဲ၍ Current and deferred income tax များကို အရှုံးအမြတ်စာရင်းတွင် စာရင်းရေးသွင်းဖော်ပြပါသည်။

## ၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

### ၃-၉။ ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ (အဆက်)

#### (က) ကနဦး စာရင်း ရေးသွင်းခြင်းနှင့် နောက်ဆက်တွဲ တိုင်းတာမှု

ဘဏ္ဍာရေးစာချုပ်စာတမ်းများ (Financial Instruments) များကို အောက်ပါအတိုင်း အမျိုးအစားခွဲခြားထားပါသည်။

(၁) Financial Instruments at Fair value through profit and loss

ကာလတိုအတွင်း ရောင်းရန် သို့မဟုတ် ပြန်ဝယ်ရန်အတွက် ကိုင်ဆောင်ထားသော ဘဏ္ဍာရေးဆိုင်ရာစာချုပ်စာတမ်းများ ပါဝင်ပါသည်။

အဆိုပါ စာချုပ်စာတမ်းများအား ကနဦးတွင် Fair value ဖြင့် စာရင်းသွင်းပြီး Transaction cost များကို အရှုံးအမြတ်စာရင်းတွင် တိုက်ရိုက်ကျခံပါသည်။ Fair value ပြောင်းလဲမှုများနှင့် အမြတ်ဝေစုရငွေများအား အရှုံးအမြတ်စာရင်းတွင် "Net gains and losses on financial Instruments" ခေါင်းစဉ်ဖြင့် စာရင်းရေးသွင်းပါသည်။ ၎င်းတို့နှင့် ပတ်သက်၍ အတိုးဝင်ငွေများ ရရှိလျှင် အရှုံးအမြတ်စာရင်းတွင် ရေးသွင်းပါသည်။ ပုံမှန်ရောင်းချခြင်း၊ ဝယ်ယူခြင်းအား အရောင်းအဝယ် ပြုလုပ်သောနေ့တွင် စာရင်းရေးသွင်းပါသည်။

(၂) Loan and Receivables

Loan and Receivables ဆိုသည်မှာ ရောင်းချနိုင်သောဈေးကွက်မရှိသည့် ပုံသေ(သို့) ဆုံးဖြတ်ထားသော တန်ဖိုးပါဝင်သော Non-derivative financial assets များကိုဆိုလိုသည်။ ဤခေါင်းစဉ်အောက်တွင် ဘဏ်များရှိငွေများ၊ ငွေလက်ကျန်များ၊ ချေးငွေများနှင့် ကြိုတင်ပေးငွေများပါဝင်သည်။ (၁၂)လကျော် နောက်ပိုင်း ပြန်လည်ရရှိမည့် ရပိုင်ခွင့်များမှအပ ၎င်းတို့အား လက်ငင်းရပိုင်ခွင့်များအဖြစ် သတ်မှတ်ဖော်ပြပါသည်။ ကနဦးတွင် တိုက်ရိုက်သက်ဆိုင်သော စရိတ်များအပါအဝင် Fair value ဖြင့် စာရင်းသွင်းဖော်ပြပြီးနောက်ပိုင်းတွင် effective interest method ဖြင့်တန်ဖိုးလျှော့ပါသည်။ ၎င်းတို့အပေါ်တွင်ရရှိသော အတိုးဝင်ငွေများကို "အတိုးဝင်ငွေ" ဟူသောခေါင်းစဉ်ဖြင့် အရှုံးအမြတ် စာရင်းတွင်ဖော်ပြပါသည်။ တန်ဖိုးလျော့ကျမှုများ ရှိပါကလည်း အရှုံးအမြတ်စာရင်းတွင်သာ "တန်ဖိုးလျော့ကျမှုစရိတ်" ခေါင်းစဉ်ဖြင့် ဖော်ပြပါသည်။

(၃) Held to maturity

စီမံအုပ်ချုပ်သူများမှ အကျိုးဖြစ်ထွန်းမည်ဟု ယူဆထားပြီး သတ်မှတ်ဖော်ပြထားသော သက်တမ်းစေ့ရောက်သည့်အချိန်ထိ ကိုင်ဆောင်ထားမည်ဟု ရည်ရွယ်ထားသော ပုံသေ(သို့မဟုတ်) ဆုံးဖြတ်ထားသောတန်ဖိုးဖြင့် ကိုင်ဆောင်ထားသော financial asset များကိုဆိုလိုပါသည်။ အရေးပေါ်သောပမာဏမှလွဲ၍ ပြန်လည်ရောင်းချမည်ဟု ဆုံးဖြတ်သောအချိန်မှ စတင်က Available-for-sale အဖြစ် ပြောင်းလဲသတ်မှတ်ပါသည်။ (၁၂)လအတွင်း သက်တမ်းစေ့ရောက်ပါက Current asset များအဖြစ်သတ်မှတ်ပြီး (၁၂)လအထက် ဖြစ်ပါက Non-current asset အဖြစ်သတ်မှတ်ပါသည်။ ကနဦးတွင် တိုက်ရိုက်သက်ဆိုင်သော စရိတ်များအပါအဝင် Fair value ဖြင့် စာရင်းသွင်းဖော်ပြပြီးနောက်ပိုင်းတွင် Effective Interest method ဖြင့် စာရင်းရေးသွင်းပါသည်။ အတိုးဝင်ငွေများနှင့်ပတ်သက်၍ "Interest Income" ဖြင့်လည်းကောင်း၊ တန်ဖိုးလျော့ကျမှုများ ရှိလာပါက "Impairment on other asset" ဖြင့်လည်းကောင်း အရှုံးအမြတ်စာရင်းတွင် ဖော်ပြပါသည်။

## ၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

### ၃-၉။ ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ (အဆက်)

#### (က) ကနဦး စာရင်း ရေးသွင်းခြင်းနှင့် နောက်ဆက်တွဲ တိုင်းတာမှု (အဆက်)

(၄) Available-for-sale

အထက်ဖော်ပြပါ အမျိုးအစား (၃) မျိုးနှင့် မသက်ဆိုင်သော ရပိုင်ခွင့်များကို Available for sale အဖြစ် သတ်မှတ်ပါသည်။

ကနဦးတွင် Fair value ဖြင့် စာရင်းရေးသွင်းပါသည်။ အဆိုပါ Fair value ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော အရှုံးအမြတ်များအား Other Comprehensive Income တွင် ဖော်ပြပါသည်။ သို့ရာတွင် တန်ဖိုးလျော့ကျမှုများ၊ monetary instrument တို့နှင့်ဆိုင်သော နိုင်ငံခြားငွေလဲလှယ်နှုန်းများ ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော အရှုံးအမြတ်များနှင့် effective interest method ဖြင့်တွက်ချက်ထားသော အတိုးစရိတ်များကိုမူ အရှုံးအမြတ်စာရင်းတွင် ဖော်ပြပါသည်။ ၎င်းတို့အား စာရင်းမှ ထုတ်ပယ်သောအခါ မှလက Other Comprehensive Income တွင် ရေးသွင်းခဲ့သော စုစုပေါင်းအရှုံးအမြတ်အား Equityမှ အရှုံးအမြတ်စာရင်းသို့ ပြောင်းလဲစာရင်း ရေးသွင်းပါသည်။ effective interest method ဖြင့်တွက်ချက်၍ ရရှိလာသောအတိုးများကို အရှုံးအမြတ်စာရင်းတွင် ဖော်ပြပါသည်။ ၎င်းတို့အပေါ်တွင် ရရှိသောအမြတ်ဝေစုများကိုမူ အရှုံးအမြတ်စာရင်းတွင် ဖော်ပြပါသည်။

Available for sale အဖြစ် သတ်မှတ်ထားသော ဘဏ္ဍာရေးရပိုင်ခွင့်တွင် unquoted share များပါဝင်ပါသည်။ Fair Value သေချာစွာတိုင်းတာရန် ခက်ခဲသောအဆိုပါ unquoted share များကို တန်ဖိုးလျော့ကျမှုများ နှုတ်ပယ်ပြီး ကျန်ရှိသည့် မူရင်းဝယ်ဈေးဖြင့် ဖော်ပြပါသည်။

စာရင်းကာလပြီးဆုံးပြီး (၁၂) လအတွင်း ပြန်လည်ရရှိမည်ဟု မမျှော်မှန်းပါက အဆိုပါ Available for sale ဘဏ္ဍာရေးရပိုင်ခွင့်များအား လက်ငင်းမဟုတ်သော ရပိုင်ခွင့်များအဖြစ် သတ်မှတ်ပါသည်။

(၅) Other Non-derivative Financial Liabilities

Other Non-derivative Financial Liabilities တို့အား ကနဦးတွင် တိုက်ရိုက်ပတ်သက်နေသော ကုန်ကျစရိတ်များ နှုတ်ပယ်၍ကျန်ရှိသည့် Fair Value အပေါ်တွင် သတ်မှတ်ဖော်ပြပါသည်။ နောက်ပိုင်းကာလများတွင် Amortised cost method ဖြင့် တိုင်းတာဖော်ပြပါသည်။ ဘဏ်တွင် Fair Value through profit or loss အဖြစ်သတ်မှတ်ထားသော ဘဏ္ဍာရေးဆိုင်ရာ ပေးရန်တာဝန်များ မရှိပါ။ Amortised cost ဖြင့်သတ်မှတ်ဖော်ပြထားသော ဘဏ္ဍာရေးဆိုင်ရာ ပေးရန်တာဝန်များတွင် customer များနှင့် ဘဏ်များမှ အပ်ငွေများနှင့် အခြားရေးယူငွေများ ပါဝင်ပါသည်။

#### (ခ) စာရင်းရေးသွင်းခြင်း နှင့် စာရင်းမှထုတ်ပယ်ခြင်း

ဘဏ်သည် ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို ၎င်းတို့အား စတင်ဖြစ်ပေါ်ချိန်၌ရှိသော Fair value ဖြင့် တိုင်းတာ၍ စာရင်းရေးသွင်းပါသည်။

## ၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

### ၃-၉။ ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ (အဆက်)

#### (ခ) စာရင်းရေးသွင်းခြင်း နှင့် စာရင်းမှထုတ်ပယ်ခြင်း (အဆက်)

ဘဏ်သည် ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပတ်သက်၍ ၎င်းရပိုင်ခွင့် ကုန်ဆုံးသောအချိန် (သို့) ၎င်းရပိုင်ခွင့် အားအခြားသူများထံသို့ အလုံးစုံလွှဲပြောင်းသောအခါ စာရင်းမှ ထုတ်ပယ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာ ပေးရန်တာဝန်များကိုမူ ဖျက်ပြယ်သောအခါ (သို့) သက်တမ်းကျော်လွန်သောအခါ စာရင်းမှထုတ်ပယ် ပါသည်။

#### (ဂ) ဘဏ္ဍာရေးရပိုင်ခွင့် နှင့် ပေးရန်တာဝန်များကို ချိန်ခံဖော်ပြခြင်း

ဥပဒေအရ ချိန်ခွင့်ရှိခဲ့လျှင်သော်လည်းကောင်း၊ အသားတင်ကိုသာ စာရင်းရှင်းရန်ရည်ရွယ်ချက် သို့မဟုတ် ရပိုင်ခွင့်များထုတ်ယူချိန်နှင့် ပေးရန်တာဝန်များ ပေးချေရမည့်အချိန် တစ်ပြိုင်နက်တည်း ဖြစ်ပေါ်ခဲ့လျှင်သော်လည်းကောင်း ဘဏ္ဍာရေးဆိုင်ရာ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို ချိန်ပြီး အသားတင်ပမာဏကိုသာ လက်ကျန်ရှင်းတမ်းတွင် ဖော်ပြပါသည်။ Master netting agreements နှင့် ပတ်သက်နေသော ဘဏ္ဍာရေးစာချုပ်စာတမ်းများကိုမူ ဘဏ္ဍာရေးအခြေအနေပြ ရှင်းတမ်းတွင် gross basis ဖြင့်ဖော်ပြပါသည်။

#### (ဃ) Fair Value ကို ဆုံးဖြတ်ခြင်း

ဘဏ္ဍာရေးစာချုပ်စာတမ်းများအားလုံးကို ကနဦးတွင် Fair value ဖြင့် စာရင်းသွင်းပါသည်။ ကနဦးရှိ Fair value ဆိုသည်မှာ ယေဘုယျအားဖြင့် ဘဏ္ဍာရေးစာချုပ်စာတမ်းများ အရောင်းအဝယ် ဖြစ်သော အချိန်တွင် ပေးလိုက်ရသော (သို့) ရရှိလိုက်သော အဖိုးစားနားဖြစ်သည်။ နောက်ပိုင်းကာလများတွင် မြန်မာနိုင်ငံတွင် လက်ခံကျင့်သုံးနေသော တန်ဖိုးသင့်သည့် နည်းလမ်းများအတိုင်း Fair value ကို သတ်မှတ်ပါသည်။

Fair value မသတ်မှတ်နိုင်သော unquoted equity များကိုမူ ၎င်းတို့၏ မူရင်းတန်ဖိုးနှင့် အစီရင်ခံသောနေ့ရှိ တန်ဖိုးလျော့ကျမှုတို့အပေါ်တွင် သတ်မှတ်ဖော်ပြပါသည်။

### ၃-၁၀။ ဘဏ္ဍာရေးဆိုင်ရာပစ္စည်းများ တန်ဖိုးလျော့ကျမှု (Impairment of Financial Assets)

#### (က) ချေးငွေနှင့် ကြိုတင်ပေးငွေများ

ဘဏ်၏ချေးငွေနှင့် ကြိုတင်ပေးငွေများကို အောက်ပါ စံချိန်စံညွှန်းများတစ်ခုခုနှင့် ကိုက်ညီသောအခါ Impairment အဖြစ် သတ်မှတ်ပါသည်။

<u>တစ်ခုစီအကဲဖြတ်ခြင်း (Individual Assessment)</u>

(၁) ချေးငွေ(သို့) အတိုး(သို့) နှစ်ခုစလုံးအား ပေးချေရန်စေ့ရောက်ပြီး နေ့မှရက်ပေါင်း (၉၀)နှင့် အထက်ပျက်ကွက်ခြင်း။

(၂) စာရင်းပိုထုတ်ချေးငွေ (overdraft) ပုံစံဖြင့် ငွေချေးထားပြီး ရရန်ရှိသော ပမာဏသည် ခွင့်ပြုထား သောပမာဏထက် ရက်ပေါင်း (၉၀)နှင့် အထက်ကျော်လွန်ခြင်း။

၃။ အရေးပါသော စာရင်းရေးသွင်းခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

၃-၁၀။ ဘဏ္ဍာရေးဆိုင်ရာပစ္စည်းများ တန်ဖိုးလျော့ကျမှု (Impairment of Financial Assets) (အဆက်)

(က) ချေးငွေနှင့် ကြိုတင်ပေးငွေများ (အဆက်)

(၃) ရရန်ရှိသောပမာဏသည် ခွင့်ပြုထားသောပမာဏထက် ရက်ပေါင်း(၉၀) မကျော်လွန်သော်လည်း သိသာထင်ရှားသော Credit weakness များဖြစ်ပေါ်နေခြင်း။

ချေးငွေကို Impairment ဖြစ်၊ မဖြစ် ဆုံးဖြတ်ရန်အတွက် ဘဏ်သည် ဘဏ္ဍာရေးအစီရင်ခံသောနေ့၌ တန်ဖိုးလျော့ကျနိုင်ကြောင်း အထောက်အထားများရှိ၊ မရှိသုံးသပ်ပါသည်။ ထိုသို့သောအထောက်အထားများရှိပါက ချေးငွေအား Impaired loan အဖြစ်သတ်မှတ်ပြီး အဆိုပါ Impairment ပမာဏအားစာရင်းသွင်းပါသည်။

ချေးငွေများ တန်ဖိုးလျော့ကျနေသည်ဟု ဖော်ပြနေသော အထောက်အထားများတွင် အောက်ပါတို့ ပါဝင်ပါသည်။

၁) ငွေချေးယူသူ (Borrower) သည် သိသာစွာ ဘဏ္ဍာရေးအခြေအနေ အခက်အခဲဖြစ်ပေါ်နေခြင်း
၂) စာချုပ်ပါ သဘောတူညီများအား ချိုးဖောက်ခြင်း၊ လိုက်နာရန်ပျက်ကွက်ခြင်း။
၃) ငွေချေးယူသူသည် လူမွဲစာရင်းခံယူရန် အလားအလာ ရှိနေခြင်း။
၄) ငွေချေးယူသူ၏ စီးပွားရေးလုပ်ငန်းများ ကောင်းစွာလည်ပတ်နိုင်သည့် အခြေအနေမရှိခြင်း။
၅) ငွေချေးယူသူများ၏ ပြန်လည်ပေးသွင်းနိုင်မည့် အခြေအနေများကို ထိခိုက်စေနိုင်သည့် သတင်းများ သို့မဟုတ် စီးပွားရေးအခြေအနေများ ပြည်တွင်းတွင်ဖြစ်ပေါ်လာခြင်း။

ဘဏ်သည် ချေးငွေအားလုံးအတွက် Impairment ဖြစ်စေနိုင်သည့် အထောက်အထားများရှိမရှိ သိနိုင်ရန် ချေးငွေတစ်ခုချင်းစီအား ပထမဦးစွာသုံးသပ်ပါသည်။

Impairment ဖြစ်စေနိုင်သည့် အထောက်အထားများ ရှိပါကအနာဂါတ်ငွေစီးဆင်းမှု၏ present value နှင့် ချေးငွေ၏ carring amount တို့ ခြားနားချက်ကို impairment loss အဖြစ် အရှုံးအမြတ်စာရင်းတွင် ရေးသွင်းပါသည်။

ချေးငွေအားပြန်လည်ကောက်ခံရန် မဖြစ်နိုင်တော့ပါက allowance for loan impairment စာရင်းမှ ပယ်ဖျက်ပါသည်။ အဆိုပါချေးငွေများအား လိုအပ်သောနည်းလမ်းများဖြင့် ဆုံးရှုံးမှုများအား သတ်မှတ်ပြီးပါက ပယ်ဖျက်မှုပြုလုပ်ပါသည်။ ယခင်စာရင်းမှ ပယ်ဖျက်ထားသော ချေးငွေများ ပြန်လည်ရရှိခဲ့ပါက အရှုံးအမြတ်စာရင်းတွင် ဝင်ငွေအဖြစ်ဖော်ပြပါသည်။

<u>အထွေထွေလျာထားချက်</u>

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်အရ စုစုပေါင်း ချေးငွေလက်ကျန်ပမာဏ၏ ၂% ကို အထွေထွေလျာထားငွေအဖြစ် စာရင်းဖော်ပြထားပါသည်။

(ခ) ချေးငွေများအား ပြန်လည်ပြင်ဆင်ခြင်း (Rescheduled and Restructured Loans)

ချေးငွေတစ်ခုသည် Credit "Weakness ဖြစ်နေသောအချိန်၌ ဘဏ်သည် အပေါင်ပစ္စည်းအားရယူခြင်းထက် ချေးငွေအား ပြန်လည်ညှိနှိုင်းမှု ပြုလုပ်ပါသည်။ ထိုသို့ပြန်လည်ညှိနှိုင်းခြင်းတွင် ပြန်လည်ပေးချေမှုအား သတ်တမ်းပြင်ဆင်ပေးခြင်း၊ ချေးငွေသက်တမ်းအသစ်နှင့် အခြေအနေပြောင်းခြင်းတို့ ပါဝင်ပါသည်။ စီမံခန့်ခွဲသူများမှ ပြန်လည်ပြင်ဆင်ထားသော ချေးငွေ (renegotiated loan) များအား သတ်မှတ်ထားသော သက်တမ်းများနှင့်အညီ ပြန်လည်ပေးချေမှုများရှိ၊ မရှိ စောင့်ကြည့်မှု ပြုလုပ်ပါသည်။

## ၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

### ၃-၁၀။ ဘဏ္ဍာရေးဆိုင်ရာပစ္စည်းများ တန်ဖိုးလျော့ကျမှု (Impairment of Financial Assets) (အဆက်)

(ဂ) Held to Maturity

Held to Maturity အဖြစ် ကိုင်ဆောင်ထားသော ဘဏ္ဍာရေးရင်းနှီးမြှုပ်နှံမှုများအား အစီရင်ခံသောနေ့၌ ငွေသားစီးဆင်းမှုကို ထိခိုက်စေနိုင်သည့် impairment ဖြစ်စေသော အထောက်အထားများရှိ မရှိကို စိစစ်သုံးသပ်ပါသည်။

အဆိုပါအထောက်အထားများရှိပါက ဝယ်ယူခဲ့စဉ်၌ ကုန်ကျခဲ့သောကုန်ကျစရိတ်နှင့် ယခင်ကျခံထားသော Impairment loss အားနုတ်၍ရရှိသည့် အနာဂတ်ငွေသားစီးဆင်းမှု၏ present value တို့ ခြားနားချက်ကို impairment loss အဖြစ်စာရင်းရေးသွင်းပါသည်။ အကယ်၍ နောက်ဆက်တွဲ ကာလတွင် Impairment loss သည် ကျသွား၍ ၎င်းကျသွားခြင်းသည် Impairment loss ကျခံပြီးမှ ဖြစ်ပျက်ခဲ့ခြင်းဖြစ်ပါက ၎င်းအားအရှုံးအမြတ် စာရင်းတွင်ပြန်၍ reversal ပြုလုပ်ပါသည်။

(ဃ) Available for Sale (AFS)

AFS အဖြစ်သတ်မှတ်ထားသော Equity Investment များအတွက် Impairment ဖြစ်သော အထောက်အထားများတွင် အဆိုပါ Investment ၏ Fair value သည် ၎င်းအား ဝယ်ယူကုန်ကျစရိတ် ထက် သိသာစွာကျဆင်းနေခြင်း၊ Active Market ပျောက်ကွယ်ခြင်း၊ Issuer (or) Obligor များသည် ဘဏ္ဍာရေးအခက်အခဲများ သိသာစွာဖြစ်ပေါ်နေခြင်းများ ပါဝင်ပါသည်။

AFS တစ်ခု တန်ဖိုးလျော့ကျမှု ဖြစ်ပေါ်သောအခါ အဆိုပါ AFS ၏ Fair value မှ Impairment loss အားနုတ်ခြင်းနှင့် ကုန်ကျစရိတ်တို့အကြား ခြားနားသော ပမာဏအား Equity မှ အရှုံးအမြတ်စာရင်း သို့ပြောင်းလဲ၍ စရိတ်အဖြစ်ကျခံပါသည်။

Equity Investment AFS များ၏နောက်ဆက်တွဲ ကာလတွင် Fair value တိုးလာသောအခါ Other Comprehesive Incomeတွင် စာရင်းသွင်းဖော်ပြပြီး၊ ယခင်က အရှုံးအမြတ်စာရင်းတွင် ရေးသွင်းခဲ့ သည့် Impairment loss များကို reversal ပြုလုပ်ခြင်းမရှိပါ။ သို့ရာတွင် Debt Investment များဖြစ်ခဲ့လျှင်မူ Reversal ပြုလုပ်ပါသည်။

### ၃-၁၁။ ငွေနှင့် ဘဏ်လက်ကျန်

ငွေနှင့် ဘဏ်လက်ကျန်များတွင် ဘဏ်များတွင်ထားရှိသော စာရင်းရှင်အပ်ငွေ၊ လက်ဝယ်ကိုင်ဆောင်ထား သောငွေ၊ အပ်ငွေများ၊ ကာလတိုနှင့် highly liquid investment များပါဝင်ပါသည်။ အဆိုပါ Investment များသည် ငွေသားအဖြစ်ပြောင်းလဲရန် အလွန်လွယ်ကူပြီး တန်ဖိုးပြောင်းလဲမှုသည် သိသာထင်ရှားသည့် Risk မရှိသော Investment များကို ဆိုလိုပါသည်။

### ၃-၁၂။ ပုံသေပိုင်ပစ္စည်းနှင့် တန်ဖိုးလျော့

ပုံသေပိုင်ပစ္စည်းအမျိုးအစားအားလုံးကို ကနဦးတွင် မူရင်းတန်ဖိုးဖြင့် ရေးသွင်းပါသည်။ ထိုပစ္စည်းသည် အနာဂါတ်ကာလတွင် စီးပွားရေးအကျိုးအမြတ်များ ဘဏ်သို့စီးဝင်နိုင်ခြေရှိပြီး ၎င်း၏တန်ဖိုးကိုယုံကြည် စိတ်ချစွာတိုင်းတာနိုင်လျှင် ထိုပစ္စည်း၏မူရင်းတန်ဖိုးကို ပုံသေပိုင်ပစ္စည်းအဖြစ် မှတ်တမ်းတင်ပါသည်။

## ၃။ အရေးပါသော စာရင်းရေးသွင်းခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

### ၃-၁၂။ ပုံသေပိုင်ပစ္စည်းနှင့် တန်ဖိုးလျော့ (အဆက်)

အစားထိုးအစိတ်အပိုင်းများ၏ ကုန်ကျသောတန်ဖိုးကို ပုံသေပိုင်ပစ္စည်းအဖြစ် မသတ်မှတ်ပါ။ အခြားသော ပြုပြင်ထိန်းသိမ်းပြင်ဆင်စရိတ်များအား အရှုံးအမြတ်စာရင်း၌ကျခံပါသည်။

ပုံသေပိုင်ပစ္စည်းနှင့် စက်ကိရိယာအမျိုးအစားတစ်ခု၏ အရေးပါသောအစိတ်အပိုင်းများ၏ အသုံးဝင်သက်တမ်း မတူညီသောအခါ ၎င်းတို့အား သီးခြားစီစာရင်းထားရှိပါသည်။

ကနဦးစာရင်းသွင်းပြီးနောက် ဘိုးဘွားပိုင်မြေမှလွဲ၍ အခြားပုံသေပိုင်ပစ္စည်းများကို မူရင်းတန်ဖိုးမှုစုစုပေါင်း တန်ဖိုးလျော့နှင့် Impairment loss (ရှိပါက)နုတ်၍ ဖော်ပြပါသည်။ ဘိုးဘွားပိုင်မြေ၏ သက်တမ်းမှာ အကန့်အသတ်မရှိသည့်အတွက် ၎င်းအား တန်ဖိုးမလျော့ပါ။

ပုံသေပိုင်ပစ္စည်းများအား ကြွင်းကျန်တန်ဖိုးနုတ်ပြီး ကျန်ရှိသည့် တန်ဖိုးအပေါ်တွင် မျဉ်းဖြောင့်နည်း (Straight-Line basis) ဖြင့်အောက်ဖော်ပြပါ အသုံးဝင်သက်တမ်းများအတိုင်း တန်ဖိုးလျော့တွက်ချက်ပါသည်။

| | <u>အသုံးဝင်သက်တမ်း (နှစ်)</u> |
|---|---|
| အဆောက်အဦ | ၄၀-၈၀ |
| ငှားရမ်းအဆောက်အဦပြင်ဆင်မှု | ၅ - ၁၀ |
| မော်တော်ယာဉ် | ၈ |
| ပရိဘောဂနှင့် ရုံးသုံးစက်ကိရိယာ | ၅-၂၀ |
| စက်နှင့် စက်ကိရိယာ | ၁၆ |

ပုံသေပိုင်ပစ္စည်းများအား ၎င်းတို့၏သယ်ဆောင်လာသောတန်ဖိုး (Carring Value) သည် ပြန်လည်ရရှိနိုင်သည့်တန်ဖိုး (Recoverable Value) ထက်နည်းနေသည်ဟု ယူဆရသော အခြေအနေများရှိလာပါက ပြန်လည်ဆန်းစစ်မှုများပြုလုပ်ပါသည်။ အဆိုပါကိစ္စရပ်နှင့် ပတ်သက်၍ မှတ်စု(၃-၁၅) တွင်ဖော်ပြထားသည့်အတိုင်း ပြုလုပ်ပါသည်။

ကြွင်းကျန်တန်ဖိုး၊ အသုံးဝင်သက်တမ်းနှင့် တန်ဖိုးလျော့နည်းလမ်းများကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးတိုင်း ပြန်လည်စီစစ်ပြီး လိုအပ်လျှင် ညှိနှိုင်းမှုများပြုလုပ်ပါသည်။

ပုံသေပိုင်ပစ္စည်းများအား ရောင်းချလျှင်သော်လည်းကောင်း(သို့) ၎င်းကိုအသုံးပြုခြင်းမှ အနာဂါတ်စီးပွားရေးအကျိုးအမြတ်များ မရရှိနိုင်လျှင်သော်လည်းကောင်း ၎င်းတို့ကိုစာရင်းမှ ပယ်ဖျက်ပါသည်။ ထိုသို့ပုံသေပိုင်ပစ္စည်းပယ်ဖျက်ခြင်းမှ ရရှိလာသော အမြတ်(သို့)အရှုံးကို ပုံသေပိုင်ပစ္စည်း ပယ်ဖျက်သောနှစ်ရှိ အရှုံးအမြတ်စာရင်းတွင် ရေးသွင်းပါသည်။

### ၃-၁၃။ ထိတွေ့ကိုင်တွယ်၍ မရသောပစ္စည်း (Intangible Asset)

Intangible assets များနှင့်ပတ်သက်၍ ကနဦးတွင် ၎င်းတို့၏ မူရင်းတန်ဖိုးဖြင့် စာရင်းသွင်းပါသည်။ နောက်ဆက်တွဲကာလတွင် မူရင်းတန်ဖိုးမှုစုစုပေါင်း တန်ဖိုးလျော့နှင့် Impairment loss (ရှိပါက)နုတ်၍

## ၃။ အရေးပါသော စာရင်းရေးသွင်းခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

### ၃-၁၃။ ထိတွေ့ကိုင်တွယ်၍ မရသောပစ္စည်း (Intangible Asset) (အဆက်)

ဖော်ပြပါသည်။ အသုံးဝင်သက်တမ်း သတ်မှတ်နိုင်သော Intangible asset များကို မျဉ်းဖြောင့်နည်း (Straight line basis) ဖြင့်တန်ဖိုးလျှော့ပြီး စာရင်းလျော့ကျမှု (Impairment loss) အခြေအနေရှိပါက တန်ဖိုးလျော့ကျမှု ပြုလုပ်ပါသည်။ တန်ဖိုးလျော့များကို အရှုံးအမြတ်စာရင်းတွင် ရေးသွင်းကျခံပါသည်။ အသုံးဝင်သက်တမ်းနှင့် တန်ဖိုးလျှော့နည်းလမ်းများကို နှစ်စဉ်ပြန်လည်သုံးသပ်ပါသည်။ Software လိုင်စင်နှင့်သုံးစွဲခွင့်များ၏ ခန့်မှန်းအသုံးဝင်သက်တမ်းအား (၁၀)နှစ်အဖြစ်သတ်မှတ်ပြီး အဆိုပါအချိန်ကာလ အတွင်းတန်ဖိုးလျှော့ပါသည်။

### ၃-၁၄။ Forceclosed Properties

Forceclosed Properties များမှာ အကြွေးရလိုမှုကြောင့် အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ သိမ်းယူထားသော ပစ္စည်းများဖြစ်ပြီး သင့်တင့်သောဈေးနှုန်းနှင့် မူရင်းတန်ဖိုးအနက် နည်းရာတန်ဖိုးဖြင့် ဖော်ပြပါသည်။

### ၃-၁၅။ Non-financial Asset များတန်ဖိုးလျော့ကျခြင်း

ပုံသေပိုင်ပစ္စည်း၊ Investment properties နှင့် forceclosed properties ကဲ့သို့သော Non-financial asset များအား နှစ်စဉ်သော်လည်းကောင်း၊ သယ်ဆောင်တန်ဖိုး (Carrying value) သည်ပြန်ရနိုင်မည့်တန်ဖိုး ထက်များနေသော အခြေအနေရှိလျှင်သော်လည်းကောင်း၊ တန်ဖိုးလျော့ကျမှု ရှိမရှိဆန်းစစ်မှုများပြုလုပ်ပါသည်။ အဆိုပါအခြေအနေတည်ရှိပါက carrying amount မှ ပြန်ရနိုင်မည့်တန်ဖိုး (Recoverable value) ရောက်သည်အထိလျှော့ချမှု ပြုလုပ်ပါသည်။ Recoverable value ဆိုသည်မှာ အသုံးဝင်တန်ဖိုး (value-in-use) နှင့်စရိတ်များနှုတ်ပယ်ထားသည့် Fair value တို့အနက် များသောပမာဏဖြစ်သည်။ Carrying amount သည် Recoverable amount ထက် များနေပါက တန်ဖိုးလျော့ကျမှုအဖြစ်စာရင်းသွင်းပါသည်။

### ၃-၁၆။ အစုရှယ်ယာရင်းနှီးငွေနှင့် အစုရှယ်ယာထုတ်ဝေမှုကုန်ကျစရိတ်များ

မတည်ရင်းနှီးငွေများဟုဆိုရာတွင် ပေးရန်တာဝန်များနှုတ်ပယ်ပြီး ကျန်ရှိသောဘဏ်၏ ပိုင်ဆိုင်မှုပမာဏကို ဆိုလိုပါသည်။ သာမန်အစုရှယ်ယာများအားလုံးကို မတည်ရင်းနှီးငွေအဖြစ်သတ်မှတ်ပါသည်။

သာမန်အစုရှယ်ယာများတန်ဖိုးအား ၎င်းရှယ်ယာများထုတ်ခဲ့စဉ်က တိုက်ရိုက်ကုန်ကျခဲ့သောစရိတ်များကို နှုတ်ပယ်၍ အသားတင်ရရှိသော ပမာဏကိုစာရင်းရေးသွင်းဖော်ပြပါသည်။ သာမန်အစုရှယ်ယာများအပေါ် အမြတ်ဝေစုများကိုလည်း ထုတ်ဝေကြေငြာသည့်ကာလတွင် အစုဝင်များ၏ ပိုင်ဆိုင်မှုအဖြစ် ဖော်ပြပါသည်။

### ၃-၁၇။ အခြားပေးရန်တာဝန်များ

အခြားပေးရန်တာဝန်များတွင် ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ ဘဏ်မှရယူခဲ့သော ဝန်ဆောင်မှုများအပေါ် ပေးချေမှုမပြုရသေးသော ပေးရန်တာဝန်များပါဝင်ပါသည်။ (၁)နှစ်နှင့် (၁)နှစ်အောက်အတွင်း ပေးချေရမည့် ပေးရန်တာဝန်များ၊ ပုံမှန်လုပ်ငန်းဆောင်တာများနှင့် သက်ဆိုင်သော ပေးရန်တာဝန်များကို ကာလတိုပေးရန် တာဝန်များအဖြစ် သတ်မှတ်သည်။ သို့မဟုတ်ပါက ကာလရှည်ပေးရန်တာဝန်အဖြစ် သတ်မှတ်ပါသည်။

အခြားပေးရန်တာဝန်များကို ကနဦးတွင် ကာလတန်ဖိုး (Fair Value) နှင့် သတ်မှတ်ပြီးနောက်ပိုင်းတွင် cost ဖြင့်တွက်ချက်ပါသည်။

## ၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

### ၃-၁၈။ ချေးယူငွေများ

(၁၂)လအတွင်း ပေးချေရန်တာဝန်ရှိသော ချေးယူငွေများကို ကာလတိုချေးယူငွေများအဖြစ် သတ်မှတ်ပြီး (၁၂)လကျော်မှပေးရန် ရှိသောချေးယူငွေများကို ကာလရှည်ချေးယူငွေအဖြစ် ဖော်ပြပါသည်။

ချေးယူငွေများအား ကနဦးတွင်ကာလပေါက်ဈေး(Fair Value) ဖြင့်စာရင်းရေးသွင်းဖော်ပြပြီး နောက်ဆက်တွဲကာလတွင် Amortized cost ဖြင့်စာရင်းရေးသွင်းပါသည်။ ချေးငွေရယူချိန်၌ ရရှိသောပမာဏနှင့် ပြန်လည်ပေးဆပ်ချိန်၌ ပေးချေရမည့်ပမာဏတို့ ကွာခြားမှုရှိပါက Effective Interest Method ကို အသုံးပြု၍ ချေးယူငွေကာလအတိုင်း အရှုံးအမြတ်စာရင်းတွင် စာရင်းရေးသွင်းပါသည်။

### ၃-၁၉။ လျာထားချက်များ

ဘဏ်အနေဖြင့် အတိတ်ကာလဖြစ်စဉ်နှင့် ပတ်သက်၍ ဥပဒေအရ၊ လုပ်ငန်းအရ သို့မဟုတ် လုပ်ငန်းမှ သတ်မှတ်ထားသော စည်းမျဉ်းများအရ လက်ရှိကာလတွင်ပေးရန်တာဝန်များရှိခဲ့လျှင် သော်လည်းကောင်း၊ အဆိုပါ ပေးရန်တာဝန်အား ပေးချေရန်အတွက် လုပ်ငန်း၏ အင်အားစုများစီးထွက်ခြင်း (Outflow of resources) ဖြစ်ပေါ်ခဲ့လျှင်သော်လည်းကောင်း၊ အဆိုပါပေးရန်တာဝန်ရှိသော ငွေပမာဏအား ယုံကြည်စိတ်ချစွာတွက်ချက်နိုင်သည့် အခြေအနေတွင်သော်လည်းကောင်း လျာထားစရိတ် (Provision) အဖြစ် သတ်မှတ်ပါသည်။

လျာထားချက်များကို လက်ရှိအကောင်းဆုံးခန့်မှန်းမှုအား ထင်ဟပ်စေရန်အတွက် နှစ်စဉ်သုံးသပ်၍ စာရင်းညှိနှိုင်းမှုများ ပြုလုပ်ပါသည်။ ၎င်းလျာထားချက်အားပေးရန်မလိုတော့ပါက ယခင်စာရင်းရေးသွင်းချက်အား ပြောင်းပြန် ပြန်သွင်းပါသည်။ အချိန်အခါအရ ငွေကြေးဈေးနှုန်း ပြောင်းလဲမှုဖြင့်မားပါက ၎င်းလျာထားချက်အား Pre-tax rate ဖြင့်တန်ဘိုးလျှော့မှု ပြုလုပ်ပါသည်။ ထိုသို့တွက်ချက်မှုဖြင့် ဖြစ်ပေါ်လာသောအရှုံးအား Finance cost အဖြစ်ကျခံ စာရင်းသွင်းပါသည်။

### ၃-၂၀။ Contingent Liabilities

ဘဏ်၏အကျိုးစီးပွား တစ်စုံတစ်ရာစီးထွက်နိုင်သည့်အနေအထား ရှိရန်မသေချာခြင်း၊ ပေးချေရမည့်ပမာဏအားသေချာစွာမသိရှိနိုင်ခြင်း၊ Obligation မရှိခြင်းတို့ဖြစ်ပေါ်ပါက ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းတွင် စာရင်းမသွင်းဘဲ ပေးကောင်းပေးရနိုင်သော ပေးရန်တာဝန် (Contingent Liabilitis) အဖြစ်မှတ်စုတွင် ဖော်ပြပါသည်။

Contingent Liabilitity နှင့် Asset များအားယခင်နှစ် သာမက ယခုနှစ်၏ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းများတွင် စာရင်းရေးသွင်း ဖော်ပြခြင်းမရှိပါ။

### ၃-၂၁။ ပတ်သက်ဆက်နွယ်သော အဖွဲ့အစည်း၊ ပုဂ္ဂိုလ်

ပတ်သက်ဆက်နွယ်သောအဖွဲ့အစည်း၊ ပုဂ္ဂိုလ်ဆိုသည်မှာ-

(က) တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ တစ်ဦး(သို့မဟုတ်) တစ်ဦးထက်ပိုသောအဖွဲ့မှ

(၁) ထိန်းချုပ်မှုများ။ တစ်ဦးတစ်ယောက်မှ ထိန်းချုပ်ခြင်း (သို့မဟုတ်) အဖွဲ့အစည်းမှ ပူးတွဲထိန်းချုပ်ခြင်း (ဤတွင် မိခင်ကုမ္ပဏီများလက်အောက်ခံများနှင့် အဆင့်တူလက်အောက်ခံများ)

(၂) သြဇာလွှမ်းမိုးသောအဖွဲ့အစည်းပေါ်တွင်အကျိုးခံစားခွင့်ရှိခြင်း။

## ၃။ အရေးပါသော စာရင်းရေးသွင်းခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

### ၃-၂၁။ ပတ်သက်ဆက်နွယ်သော အဖွဲ့အစည်း၊ ပုဂ္ဂိုလ် (အဆက်)

(၃) အဖွဲ့အစည်းအပေါ်တွင် ပူးတွဲထိန်းချုပ်ပိုင်ခွင့်ရှိခြင်း။

(ခ) အဖွဲ့အစည်းသည် လုပ်ငန်း၏ပူးတွဲအဖွဲ့အစည်းဖြစ်ခြင်း။

(ဂ) အဖွဲ့အစည်းသည် ဖက်စပ်လုပ်ငန်းဖြစ်ပြီး ယင်းလုပ်ငန်း၏ ဖက်စပ်ဝင်တစ်ဦးဖြစ်ခြင်း။

(ဃ) အဖွဲ့အစည်းသည် လုပ်ငန်း(သို့မဟုတ်) မိခင်ကုမ္ပဏီ၏စီမံခန့်ခွဲမှုတွင် အဓိကတာဝန်ရှိသူ ဖြစ်ခြင်း။

(င) အဖွဲ့အစည်းသည် (က)သို့မဟုတ်(ဃ)တွင် ရည်ညွှန်းထားသောမိသားစု (သို့မဟုတ်) တစ်ဦးဦးနှင့် ရင်းနှီးသောမိသားစုဝင်ဖြစ်ခြင်း။

(စ) အဖွဲ့အစည်းသည်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ (ဃ)သို့မဟုတ်(င)တွင် ရည်ညွှန်းထားသော တစ်ဦးတစ်ယောက်၏ ထိန်းချုပ်မှု(သို့မဟုတ်) ကြီးစွာလွှမ်းမိုးမှုရသော(သို့မဟုတ်)ထိုအဖွဲ့အစည်းတွင် အထင်ကရမဲပေးပိုင်ခွင့်ရှိသူ၏ ကြီးစွာလွှမ်းမိုးမှုရခြင်း။

(ဆ) အဖွဲ့အစည်းသည် ဝန်ထမ်းအကျိုးအလို့ငှာ တာဝန်ထမ်းဆောင်သောကာလနောက်ပိုင်း ဝန်ထမ်းများ၏အကျိုးစီးပွားအတွက် စီမံကိန်းဆောင်ရွက်သူဖြစ်ခြင်း (သို့မဟုတ်) လုပ်ငန်းရှင်းဆက်စပ်မှုရှိသော မည်သည့်အဖွဲ့အစည်းမဆိုဖြစ်ပါသည်။

### ၃-၂၂။ Fair value Measurement (သင့်တင့်သောဈေးနှုန်း သတ်မှတ်ခြင်း)

Fair value ဆိုသည်မှာ တိုင်းတာသောနေ့တွင် ရှိသည့်ဈေးကွက်တွင် ပါဝင်သူများအကြား ရပိုင်ခွင့်တစ်ရအား ရောင်းချရာတွင် ရရှိမည့်(သို့) ပေးရန်တာဝန်တစ်ရ လွှဲပြောင်းရာတွင် ပေးရမည့် ဈေးနှုန်းဖြစ်ပါသည်။ Fair value သတ်မှတ်ခြင်း ပြုလုပ်ရာ၌ ရပိုင်ခွင့်များ ရောင်းချခြင်းနှင့် ပေးရန်တာဝန်များ လွှဲပြောင်းခြင်းတို့သည် principal market (သို့) Advantages market တို့တွင်ဖြစ်ပေါ်သည်ဟု ယူဆချက်အပေါ် အခြေခံ၍ တွက်ချက်ပါသည်။

ရပိုင်ခွင့်နှင့် ပေးရန်တာဝန်အား သင့်တင့်သောဈေးနှုန်း သတ်မှတ်ရာတွင် ဈေးကွက်၌ ပါဝင်သူများသည် အဆိုပါရပိုင်ခွင့်၊ ပေးရန်တာဝန်တို့နှင့် ပတ်သက်၍ ၎င်းတို့၏ အကျိုးစီးပွား အကောင်းဆုံး ရရှိရန်အတွက် သတ်မှတ်ထားသော ဈေးနှုန်းဖြစ်သည်ဟူသော ယူဆချက်ဖြင့် တိုင်းတာဖော်ပြပါသည်။

Fair value သတ်မှတ်ရာတွင် အခြေအနေနှင့် လိုက်လျောညီထွေဖြစ်သော၊ လုံလောက်သော အချက်အလက်ရရှိနိုင်သည့် နည်းလမ်းများကို အသုံးပြုပါသည်။

ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၏ Fair Value ကို ၎င်းတို့အား တန်ဖိုးသတ်မှတ်ဖော်ပြရာတွင် သိသာထင်ရှားပြီး အနည်းဆုံး input အပေါ်အခြေခံ၍ အမျိုးအစားနှင့်အဆင့်ကို ဖော်ပြပါသည်။

Recurring basis ဖြင့်စာရင်းရေးသွင်းသော ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များအတွက် နှစ်ကုန်ဆုံးချိန်၌ အမျိုးအစားခွဲခြားမှုအား ပြန်လည်ဆန်းစစ်ခြင်းဖြင့် အဆင့်များပြောင်းလဲမှု ရှိမရှိ သုံးသပ်ပါသည်။

## ၄။ Significant Accounting judgements, estimates and assumptions

ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်၌ ဝင်ငွေ၊ စရိတ်၊ ရပိုင်ခွင့် နှင့် ပေးရန်တာဝန်များ၊ contigent Liabilities များအားထုတ်ဖော်ချက်များနှင့်ပတ်သက်၍ စီမံအုပ်ချုပ်သူများမှ ဆုံးဖြတ်ချင့်ချိန်မှုများ ခန့်မှန်းမှုများနှင့် ယူဆချက်များ ပြုလုပ်ကြပါသည်။ ထိုယူဆချက်နှင့် ခန့်မှန်းမှုများတွင် မသေချာမှုများ ရှိခြင်းကြောင့် အနာဂတ်ကာလတွင် သယ်ဆောင်လာသော ရပိုင်ခွင့် သို့မဟုတ် ပေးရန်တာဝန်များမှ အရေးပါသော ညှိနှိုင်းမှုများ လိုအပ်မည်ဖြစ်ပါသည်။

စာရင်းမူဝါဒများအား လိုက်နာကျင့်သုံးရာ၌ အောက်ဖော်ပြပါ ချင့်ချိန်မှုများကို ပြုလုပ်ပါသည်။

### ၄-၁။ Impairment of Credit Exposures

ဘဏ်သည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်၌ သိသာထင်ရှားသော ချေးငွေများအား ပြန်လည်ဆန်းစစ်မှု ပြုလုပ်ပါသည်။ တန်ဖိုးလျော့ကျမှုများရှိမရှိ ဆုံးဖြတ်ရာတွင် ဘဏ်သည် impairment trigger ဖြစ်နေကြောင်း ဖော်ပြသည့် အခြေအနေ ရှိမရှိ ချင့်ချိန်ပြုလုပ်ပါသည်။ အဖွဲ့လိုက်ဖြစ်စေ တစ်ဦးတစ်ယောက်ချင်းဖြစ်စေ ငွေချေးသူများမှ ပြန်လည်ပေးဆပ်နိုင်မှုများ မပြုလုပ်နိုင်သည့် အခြေအနေများ ရှိမရှိ သုံးသပ်ပါသည်။ ရုံးတွင်းချမှတ်ထားသော မူဝါဒများနှင့်အညီ တန်ဖိုးလျော့ချမှုများ ပြုလုပ်ပါသည်။

Credit Exposures များအတွက် တန်ဖိုးလျော့ကျမှုအား သတ်မှတ်ရာတွင် အနာဂတ် ငွေသားစီးဆင်းမှု၏ အချိန်နှင့်ပမာဏများအပေါ် စီမံခန့်ခွဲသူများမှ ခန့်မှန်းရာ၌ ချင့်ချိန်မှုများပြုလုပ်ရန်လိုအပ်သည်။ ဤငွေသား စီးဆင်းမှုများအား ခန့်မှန်းရာ၌ ဘဏ်သည် ငွေချေးယူသူများ၏ ဘဏ္ဍာရေးအခြေအနေနှင့် အာမခံပစ္စည်းများ၏ ပြန်ရောင်းရမည့် အသားတင်တန်ဖိုးတို့အား ချင့်ချိန်ပါသည်။ ကိန်းဂဏန်း အချက်အလက်များအပေါ်တွင် ယူဆထားခြင်းဖြစ်ပြီး အမှန်တကယ်ဖြစ်ပေါ်လာမည့် အခြေအနေနှင့် ကွာခြားနိုင်သလို တန်ဖိုးလျော့ကျမှုများ လည်း ပြောင်းလဲနိုင်ပါသည်။

### ၄-၂။ Fair value measurement

Fair value ဆိုသည်မှာ တိုင်းတာသောနေ့တွင်ရှိသည့် ဈေးကွက်တွင်ပါဝင်သူများအကြား ရပိုင်ခွင့် တစ်ခုအား ရောင်းချရာတွင် ရရှိမည့် (သို့) ပေးရန်တာဝန်တစ်ခု လွှဲပြောင်းရာတွင် ပေးရမည့်ဈေးနှုန်း ဖြစ်ပါသည်။ Fair value သတ်မှတ်ခြင်းပြုလုပ်ရာ၌ ရပိုင်ခွင့်များရောင်းချခြင်းနှင့် ပေးရန်တာဝန်များ လွှဲပြောင်းခြင်းတို့သည် principle market (သို့) Advantages market တို့တွင် ဖြစ်ပေါ်သည်ဟူသော ယူဆချက်အပေါ် အခြေခံ၍ တွက်ချက်ပါသည်။

Financial Asset နှင့် Liabilities များ အမျိုးအစားခွဲခြားသတ်မှတ်ရာတွင် ဘဏ်မှ Active market တွင် ဖြစ်ပေါ်နေသော price များကို ရည်ညွှန်း၍ သုံးသပ်ပါသည်၊ credit risk များကိုလည်း သင့်လျော်သလို ထည့်သွင်းစဉ်းစားပါသည်။

Active market မရှိပါက ဘဏ္ဍာရေးနှစ်ကုန်ချိန်တွင်ရှိသော ဈေးကွက်အခြေအနေပေါ် မူတည်၍ အရောင်းအဝယ်ဖြစ်သော Arm's length transactions ဈေးနှုန်း၊ discounted cash flow analysis နှင့် other valuation techniques တို့ကို အသုံးပြုပါသည်။ ဤသို့အားဖြင့် အကောင်းမွန်ဆုံး Fair value အား သတ်မှတ်ဆုံးဖြတ်ပါသည်။

၄။ Significant Accounting judgements, estimates and assumptions (အဆက်)

၄-၃။ ပုံသေပိုင်ပစ္စည်းများအား တန်ဖိုးလျော့ခြင်း

ပုံသေပိုင်ပစ္စည်း၏ အသုံးဝင်သက်တမ်းပေါ်မူတည်၍ မျဉ်းဖြောင့်နည်း (Straight-line basis) ဖြင့် တန်ဖိုးလျော့ပါသည်။ ပုံသေပိုင်ပစ္စည်းများ၏ သက်တမ်းကို ၅ နှစ်မှ နှစ် ၈၀ အတွင်း သတ်မှတ်ထားပါသည်။

